# မြန်မာပြည် ကျေးဇူးတော် သတင်းကောင်း အသင်းတော်

## Grace Gospel Churches of Myanmar

## Doctrinal Statement

## ယုံကြည်ခြင်းခံယူချက်များ

ခေါ်တော်မူခြင်း ကျေးဇူးတော်ကို သင်တို့သည် ခံရသည်နှင့်အထိုက်အလျောက် ကျင့်ဆောင်မည် အကြောင်း၊ သခင်ဘုရားအတွက်ကြောင့် အကျဉ်းခံရသောငါသည် သင်တို့ကိုတိုက်တွန်းနှိုးဆော်ပါ၏။ အရာရာ၌ စိတ်နှိမ့်ချခြင်း၊နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့်ပြည့်စုံသဖြင့် မေတ္တာနှင့် တစ်ယောက်ကို တစ်ယောက် သည်းခံခြင်းရှိကြ၍ သင့်တင့်ပေါင်းဖေါ်ခြင်း၊ အဖွဲ့အစည်းအားဖြင့် သင်တို့သည် အချင်းချင်းစိတ်သဘော မခြားနား တလုံးတဂ္ဂတည်း ဖြစ်အံ့သောငှါ ကြိုးစားအားထုတ်လော့။ သင်တို့ကို ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သော မြော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တကိုယ်၊ ဝိညာဉ်တဝိညာဉ်တည်းရှိ၏။ သခင်တစ်ပါး၊ ဘုရားသခင်တစ်ဆူတည်း ရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏ အပေါ်မှာရှိတော်မူ၏။ ခပ်သိမ်းသောငါတို့ကို နှံ့ပြားစေတော်မူ၏။ ခပ်သိမ်းသောငါတို့၏ အထဲ၌လည်း ရှိတော်မူ၏။ (ဧ၄း၁-၆)။

ယနေ့အသင်းတော်ခေတ်ကာလတွင် သန့်ရှင်းသောဝိညာဉ်တော်၏ စိတ်တော်နှင့်ညီညွတ်သော ဤ ယုံကြည်ခြင်းခံယူချက်ကို ကျွန်ုပ်တို့၏စွဲကိုင်ထားသော ယုံကြည်ခြင်းခံယူချက်ဖြစ်သည်။

### ၁။ သမာကျမ်းစာ

သမာကျမ်းစာတအုပ်လုံး၏မူလအရေးအသားများသည်သန့်ရှင်းသောဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့် ရေးသားခြင်းဖြစ်သောကြောင့် အမှားမရှိ၊ မမှားနိုင်သော အချုပ်အခြာဖြစ်သည်၊(၂တိ၊၃း၁၆၊၁၇။ ၂ပေ၊၁း၂၁)။

### ၂။ သုံးပါးတစ်ဆူ

ထာဝရတည်ရှိတော်မူသော တစ်ဆူတည်းသော ဘုရားသခင်၌ ပုဂ္ဂိုလ်သုံးပါးရှိသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ဖြစ်သည်၊

(တရား၊၆း၄။ ၁တိ၊ ၂း၅။ ဧ၄း၄-၆။ မ၊ ၂၈း၁၉။ ၂ကော၊၁၃း၁၄)။

**<u>၃။ ခရစ်တော်ပုဂ္ဂိုလ်ဖြစ်ခြင်း</u>**

ယေရှုခရစ်တော်သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အပျိုကညာမာရိမှ မွေးဖွားခြင်းခံယူကာ၊ စစ်မှန်သော ဘုရား-လူ ဖြစ်သည်၊(လု၊၁း၃၅။ ဖိ၊ ၂း၆-၉။ ရော၊၁း၃၊၄)။

**<u>၄။ ဝိညာဉ်တော် ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့်လုပ်ဆောင်ချက်</u>**

ဝိညာဉ်တော်သည်လောကီသားတို့အား အပြစ်ဖေါ်ပြ၍ အသစ်မွေးဖွားခြင်းကိုပေးသောသူ၊ ယုံကြည်သူများအား ဗတ္တိဇံကိုပေးသောသူ၊ ဖေါ်ပြ၍ကျိန်းဝပ်ပေးသောသူ၊ အလင်းပေးကာ တံဆိပ်ခတ်ပေးတော်မူသောပုဂ္ဂိုလ် ဖြစ်သည်၊(ယော၊၁၆း၈။တိတု၊၃း၅။ ၁ကော၊၁၂း၁၃။ဧ၊၁း၁၃၊၁၇၊၁၈။ ၃း၁၆)။

**<u>၅။ ကျဆင်းခြင်း</u>**

လူသည် မွေးရာပါအပြစ်သားများဖြစ်သောကြောင့် ကိုယ်ကျင့်တရား၌အသေဖြစ်ကာ၊ မိမိကြိုးစားအားထုတ်သော ကုသိုလ်ကောင်းမှုအားဖြင့် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်၊ (ဧ၊ ၂း၁-၁၂။ ရော၊၃း၉-၁၂။ ၁ကော၊၁း၁၈-၃၁)။

**<u>၆။ ကယ်တင်ခြင်း(ရွေးနှုတ်တော်မူခြင်း)</u>**

ခရစ်တော်သွန်းလောင်းတော်မူသော အသွေးတော်ကို ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ဘုရားသခင်သည် အပြစ်သားများကို ဖြောင့်မတ်ရာသို့ရောက်စေသည်။ ဒီပြည့်စုံသော ကယ်တင်ခြင်းသည် လူသားများ၏ လုပ်ဆောင်မှုအားဖြင့်မဟုတ်ဘဲ ဘုရားသခင်၏ဆုကျေးဇူးတော်သက်သက်အားဖြင့် ပေးတော်မူခြင်းဖြစ်သည်။ ထိုကျေးဇူးတော်သည် တစ်ဦးချင်းနှင့်သာသက်ဆိုင်သောအရာဖြစ်သည်၊(ရော၊၃း၂၄-၂၈။ ၅း၁၉။ ဧ၊ ၂း၈၊၉)။

**<u>၇။ ထာဝရလုံခြုံစိတ်ချမှု</u>**

ကယ်တင်ခြင်းရရှိသောသူတိုင်းသည် ခရစ်တော်၌ထာဝရအတွက် လုံခြုံစိတ်ချမှုရရှိကြသည်၊ (ကောလော၊၃း၁-၄။ ဖိ၊၁း၁၆။ ရော၊၈း၁၊၂၉-၃၄၊၃၈၊၃၉။

ယော၊၁၀း၂၇-၂၉။ ဧ၊၁း၁၃၊၁၄)။

**<u>၈။ အသင်းတော်</u>**

ယနေ့ခေတ်ကာလသည် "ခရစ်တော်၏ကိုယ်ခန္ဓာ" ဟုခေါ်ဆိုသော စစ်မှန်သောအသင်းတော် တပါးတည်းသာရှိသည်၊ (၁ကော၊၁၂း၁၃။ ဧ၊း၂၂၊၂၃။

၃း၁-၆)။ ထိုအသင်းတော်သည် ပရောဖက်ပြုချက်နှင့်သီးခြားဖြစ်သော ခရစ်တော်၏လောကရှိ နိုင်ငံတော် ဖြစ်သည်။ သမိုင်းအရ ပေါ်ပေါက်လာသောခရစ်တော်၏ကိုယ်ဖြစ်သော အသင်းတော်သည် တမန်တော်ပေါလု၏ ပထမဆုံးသော ဩဝါဒစာမရေးသားခဲ့ခင် ပေါလုအားဖြင့် အစပြုခဲ့သည်၊(၁သက်၊

၂း၁၄-၁၆။ တ၊၁၃း၄၅၊၄၆။ ဖိ၊၁း၅၊၁၆။ ၁ကော၊၁၂း၁၃၊၂၇။ တ၊၁၈)။

## ၉။ ဆုကျေးဇူးများ

ခရစ်တော်၏ကိုယ်ခန္ဓာတည်းဟူသော အသင်းတော်၏သာသနာလုပ်ငန်းအတွက် လိုအပ်သော ဝိညာဉ်ဆုကျေးဇူးများသည် ရော၊၁၂း၃-၉။ ဧ၊၄း၇-၁၆)

(တို့တွင် တခုချင်း ဖေါ်ပြထားသည်။ တမန်တော်ဝတ်ထုထဲတွင်ဖေါ်ပြထား

သောအမျိုးမျိုးသော နိမိတ်လက်ခဏာများ ပြသနိုင်သောဆုကျေးဇူးများဖြစ်သည့် အမျိုးသောဘာသာ စကားပြောခြင်း၊ ပရောဖက်ပြုခြင်းနှင့်အနာရောဂါ ငြိမ်းစေခြင်း(၁ကော၊၁၂း၁-၃)တို့သည် ယာယီဆု ကျေးဇူးများဖြစ်ကာ ယနေ့အသင်းတော်ခေတ်အတွက် မဟုတ်ပါ၊(၁ကော၊၁၃း၈-၁၃)။

## ၁၀။ ရွေးနှုတ်ကယ်တင်ခြင်း

ခရစ်တော်၏အောင်မြင်ခြင်းနှင့်ဝိညာဉ်တော်၏ ကျိမ်းဝပ်ခြင်းတန်ခိုးအားနှင့် ရော၊၆း၁၁ ကို နာခံခြင်း အားဖြင့် ယုံကြည်သူများသည် အပြစ်၏တန်ခိုးကို အောင်မြင်ကျော်လွှားနိုင်သောအခွင့်ခံစားရရှိသည်။

သို့သော် "လူသား၏ဇီဇအပြစ်သည် ယခုအသက်ရှင်စဉ်တွင် ပယ်ဖျက်ခြင်းခံရသည်" ဟူသောအချက် သည် လက်မခံပါ၊(ရော၊၆း၆-၁၄။ဂလာ၊၅း၁၆-၂၅။

ရော၊၈း၃၇။ ၂ကော၊၂း၁၄။ ၁ပေ၊၂-၅)။ သို့သော် သန့်ရှင်းသူများသည် (သီးခြား ရာထားသောသူ)၊ စစ်မှန်သော သင်းဝင်သူများသည် (သီးခြားခေါ်ထုတ်သောသူ) ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော် ၏ လေးစားထိုက်သော သက်သေခံချက်တရားများကို ဆက်လက်ဆောင်ရွက်ရန် ဘာသာရေးသမား ဟန်ဆောင်သော လောကီးသားများထံမှ သီးခြားခေါ်တော်မူခြင်းခံသောသူများ၊ လူတိုင်းအပေါ် ချစ်ခြင်းမေတ္တာကိုထားခြင်းအားဖြင့် ဧဝံဂေလိတရားကို နာခံသောသူဖြစ်ကြောင်း ထင်ရှားစေသော သူသာဖြစ်သည်၊(ရော၊၁၂း၁၊၂၉။ ၂ကော၊၆း၁၄-၁၈။ဧ၊၅း၁၁။ ၁တိ၊၆း၂၀၊၂၁။

၁ယော၊၄း၁၉)။

## ၁၁။ ဗတိဇံ

ယုံကြည်သူများသည် ခရစ်တော်၏ကိုယ်ထဲသို့ ဘုရားသခင်၏ဗတိဇံပေးခြင်းကို ခံရကြပြီဖြစ်သည် (၁ကော၊၁၂း၁၃)။ ထိုဗတ္တိဇံခံယူခြင်းအားဖြင့် ခရစ်တော်၏ကိုယ်၌ သင်းဝင်သူတိုင်းသည် အသေခံခြင်း

၊သင်္ဂြိုဟ်ခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းတွင် ခရစ်တော်နှင့်အတူ ထပ်တူထပ်မျှဖြစ်ကြသည်။ ရော၄း၅-တွင် ဖော်ပြထားသော တခုတည်းသော ဗတ္တိဇံအကြောင်း၊ ကောလောသဲ၊၂း၁၂နှင့်ရော၊၆း၃၊၄ တွင်ဖော်ပြသော ဗတ္တိဇံအ ကြောင်းနှင့် ၁ကော၊၁း၁၇-တွင်ဖော်ပြသော ပေါလု၏ရပ်တည်ချက်ဖြစ်သည့်

"ဗတ္တိဇံပေးခြင်းငှါ ခရစ်တော်သည် ငါ့ကို စေလွှတ်တော်မူသည်မဟုတ်၊ ဧဝံဂေလိတရားကို ဟောစေခြင်းငှါ ငါ့ကိုစေလွှတ်တော်မူ၏" အချက်နှင့် နှိုင်းယှဉ်ပါက၊ ယခုကျေးဇူးတော်ကာလတွင် ရေ၌ဗတ္တိဇံပေးခြင်းမင်္ဂလာသည် ခရစ်တော်၏ကိုယ်ခန္ဓာတည်းဟူသော အသင်းတော် ဘုရားသခင်၏အစီအစဉ်တွင် နေရာမရှိကြောင်းကို သေချာစွာတွေ့ရှိရသည်။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရရှိသောသူသည် ခရစ်တော်၌ဗတိဇံခံယူရသောသူ ဖြစ်သည်။ ဝိညာဉ်တော်ကိုယ်တိုင်သည် ဧဝံဂေလိကို ယုံကြည်လက်ခံသောခဏခြင်းတွင် ခရစ်တော်၏ကိုယ်ခန္ဓာ၌ သေခြင်း၊ သင်္ဂြိုလ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ဗတိဇံပေးခဲ့သည်။ ထိုဗတိဇံသည် ရေ၌ဗတ္တိဇံပေးခြင်း မဟုတ်ကြောင်းကို သေချာနားလည်ရသည်။ အကြောင်းမှာ "ခရစ်တော်၌" ဟု ကျမ်းစာ ဖော်ပြထားကြောင်း တွေ့ရသည်။ "ရေ၌" ဟုမရေးပါ။(၁ကော၊၁၂း၁၃။ ကောလော၊၂း၁၀-၁၃)။

## ၁၂။ ပွဲတော်မင်္ဂလာ

၁ကော၊၁၁း၂၃-၂၆-တွင် ပေါလုရေးသားထားသော ပွဲတော်မင်္ဂလာအကြောင်းသည် ခရစ်တော်၏ အသေခံတော်မူခြင်းကို အောက်မေ့သောအားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာ၌ သင်းဝင်များဖြစ်ကြသော ယုံကြည်သူများအတွက်သာ ခရစ်တော်ဒုတိယအကြိမ်ကြွလာသည်အထိ ပြုလုပ်ဆောင်ရွက်ရမည့် မင်္ဂလာဝတ်သာ ဖြစ်သည်။

## ၁၃။ ရှင်ပြန်ထမြောက်ခြင်း

ယေရှုသည် ကိုယ်ခန္ဓာအားဖြင့် သေခြင်းမှ ရှင်ပြန်ထမြောက်သည်(လု၊၂၄း၃၉-၄၃)။ သို့ဖြစ်၍ (၁ကော၊၁၅း၂၁) လူတိုင်း ကိုယ်ခန္ဓာအားဖြင့် သေခြင်းမှရှင်ပြန်ထမြောက်ရမည်(တ၊၂၄း၁၅)။ ကယ်တင်ခြင်းရရှိသောသူသည် ထာဝရဘုန်းတော် ဝင်စားရန်သော်လည်းကောင်း၊ မယုံကြည်သော သူသည် ထာဝရပျက်ဆီးခြင်းသို့လည်းကောင်း ထမြောက်ကြလိမ့်မည်၊(ယော၊၅း၂၉။ ဗျာ၊၂၀း၁၁-၁၅)။

## ၁၄။ အသင်းတော် သိမ်းဆည်းခြင်းနှင့်ခရစ်တော်ပြန်ကြွလာခြင်း။

ခရစ်တော်၏ကိုယ်ဖြစ်သော အသင်းတော်သိမ်းဆည်းခြင်းနှင့်ခရစ်တော်၏ ပြန်ကြွလာတော်မူခြင်းသည် အနှစ်တစ်ထောင်အုပ်စိုးခြင်းမတိုင်မီ ဖြစ်လိမ့်မည်။ ခရစ်တော်၏ကိုယ်တည်းဟူသော အသင်းတော် သိမ်းဆည်းရန် ခရစ်တော်ကိုယ်တော်တိုင် အဦးကြွလာတော်မူလိမ့်မည်(၁သက်၊၄း၁၃-၁၈။ ဖိ၊၃း၂၀၊၂၁)။ ထို့နောက် အနှစ်တစ်ထောင်အုပ်စိုးရန် ပြန်ကြွလာတော်မူမည်

(ဇာ၊၁၄း၄၊၉။တ၊၁း၁၀၊၁၁။ဗျာ၊၁၉း၁၁-၁၆။ ၂၀း၄-၆)။

ခရစ်တော်၏ကိုယ်တည်းဟူသော အသင်းတော်၊ ရှင်ပြန်ထမြောက်ခြင်းနှင့် အသင်းတော်၏ မတူညီသောထူးခြားမှုကြောင့် သိမ်းဆည်းခြင်းသည် ဒေါသ ကြီးကာလမတိုင်မီ ဖြစ်လိမ့်မည်၊(ယေ၊၃၀း၇။မ၊၂၄း၁၅-၂၁)။ မိုယ်းတိမ်ပေါ်သို့ကြွလာမည်(၁သက်၊၄း၁၃-၁၈။ ဖိ၊၃း၂၀၊၂၁။တိတု၊၂း၁၃-၁၄။၁ကော၊

၁၅း၅၁-၅၃)။အခြားသော သေလွန်သူယုံကြည်သူများ၏ရှင်ပြန်ထမြောက်ခြင်းသည် ဒေါသ ကြီးကာလအဆုံးမှဖြစ်လိမ့်မည်၊(ဗျာ၊၂၀း၄-၆)။

## ၁၅။ သေခြင်းတရား

သေလွန်ပြီးသော မယုံကြည်သူများ၏ကယ်တင်ခြင်းအတွက် မျှော်လင့်ခြင်းအကြောင်း ကျမ်းစာထဲတွင် ဖေါ်ပြရေးသားထားခြင်းများ လုံးဝမတွေ့ရှိပါ။ ခက်ခဲခြင်းကို ဆက်လက်ခံစား သွားမည့်အကြောင်းကိုသာ တွေ့ရသည်၊(လု၊

၁၆း၂၃-၂၈။ ဗျာ၊၁၄း၁၁။ ၂၀း၁၄၊၁၅။ ကောလော၊၃း၆။ရော၊၁း၂၁-၃၂။ယော၊၃း၃၆။ ဖိ၊၃း၁၉။ ၂သက်၊၁း၉)။ စကြာဝဠာနှင့်ဆိုင်သော သွန်သင်ခြင်း၊ သေခြင်းပြီးမှလွတ်မြောက်ခြင်းတရား၊ မယုံကြည်သူများ သေခြင်းပြီးမှ

အဆုံးသတ်ခြင်း၊ မေ့မျောသေခြင်း၏အခြေအနေ၊ ကယ်တင်ခြင်းရရှိ၊မရရှိ ဟူသော သွန်သင်မှုတို့ကို လု၊၁၆း၂၃-၂၈။ ဖိ၊၁း၂၃။ ၂ကော၊၅း၆-၈)ကျွန်ုပ်တို့ ဆန့်ကျင်သောသွန်သင်မှု၊ ကျမ်းစာနှင့် မကိုက်ညီသော ကြောက်စရာကောင်းသော သွန်သင်မှု အယူဝါဒမျိုး ဖြစ်သည်။

## ၁၆။ သာသနာလုပ်ငန်း

ခရစ်တော်၏ကိုယ်ဖြစ်သော အသင်းတော်၏သာသနာလုပ်ငန်းသည် ပြန်လည်သင့်မြတ်ခြင်းအကြောင်း(၂ကော၊၅း၁၄-၂၁)၊ နှင့် ကျမ်းစာဖေါ်ပြ

သည့်အတိုင်း ခရစ်တော်၏နက်နဲသောတရားတော်(ရော၊၁၆း၂၅။ ဧ၊၃း၈၊၉) ကို သတိရှိစွာ ဟောပြောရမည်။ ထိုကဲ့သို့ဟောပြောခြင်းသည် တမန်တော်

ပေါလုနည်းတူ ဟောပြောခြင်း ဖြစ်သည်(၁ကော၊၄း၁၆။ ၁၁း၁။ ဖိ၊၃း၁၇။ ၄း၉။ ၁တိ၊၁း၁၁-၁၆)။ ထိုတရားတော်၏ထူးခြားခြင်းကို တပါးအမျိုးသားများ

၏တမန်တော်(ရော၊၁၁း၁၃။ ၁၅း၁၆) ခေါ်ဆိုသော "ငါ၏ဧဝံဂေလိတရား" ဟူ၍ လည်းကောင်း၊ ရော၊၂း၁၆။ ၁၆း၂၅-တွင် "ဘုရားသခင်၏ကျေးဇူးတော်

တရား" ဟူ၍လည်းကောင်း ခေါ်ဆိုသည်၊(တ၊၂၇း၂၄)။ကျွန်ုပ်တို့သည်လည်း၊တမန်တော်ပေါလုနည်းတူ ထိုပြည့်စုံသောဘုရားသခင်၏ကျေးဇူးတော်တရား(၂တိ၊၂း၄။ဂလာ၊၁း၈၉) ကို၊ ခရစ်တော်၏ နာမတော်ကို မကြားဘူးသောအရပ်၌ ဧဝံဂေလိတရားကိုဟောပြောခြင်းငှါ စေတနာစိတ်နှင့်ကြိုးစား အားထုတ်ကြစို့(ရော၊၁၅း၂၀။ ၂ကော၊၁၀း၁၆)။

*'ကယ်တင်ခြင်းသည် ခရစ်တော်ပေးဆပ်ခဲ့သော အဖိုးအခ*

*လူတိုင်းအတွက် ပေးထားသော ဆုကျေးဇူးဖြစ်သည်'*